**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**တန့်ယန်းမြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၂-၂၀၂၃)

**(Village Development Project)**

နားဟန်ကျေးရွာအုပ်စု ၊မန်နမ့်အွန်ကျေးရွာ

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မန်နမ့်အွန်ကျေးရွာ၊ တန့်ယန်းမြို့နယ်
(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ လ

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | စကားချီး | ၄ |
| | မန်နမ့်အွန်ကျေးရွာသယံဇာတပြမြေပုံ၊ တန့်ယန်းမြို့နယ် | ၆ |
| | မန်နမ့်အွန်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ တန့်ယန်းမြို့နယ် | ၇ |
| | မန်နမ့်အွန်ကျေးရွာနှင့်အဖွဲ့အစည်းများဆက်စပ်မှုပြမြေပုံ၊တန့်ယန်းမြို့နယ် | ၈ |


အပိုင်း**(က)** ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်

ဖွံ့ဖြိုးရေးလုပ်ငန်းများ


| | | |
| --- | --- | --- |
| ၁။ | **တည်နေရာနှင့်ပထဝီဝင် အနေအထား** | ၉ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၉ |
| ၃။ | **လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** | ၉ |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | ၉ |
| | (ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၀ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၀ |
| ၄။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၁၁ |
| ၅။ | **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ** | ၁၁ |
| | (က) သီးနှံစိုက်ပျိုးရေး | ၁၁ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၂ |
| | (ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၁၂ |
| | (ဃ) ရွှေ့ပြောင်းလုပ်သားများ | ၁၂ |
| | (င) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် | ၁၃ |
| | (စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ | ၁၃ |
| ၆။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၃ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၃ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၃ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၃ |
| ၇။ | **ပညာရေး** | ၁၄ |
| ၈။ | **ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၄ |
| ၉။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၄ |
| ၁၀။ | **ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၅ |

| | | |
|---|---|---|
| ၁၁။ | **ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး** | ၁၅ |
| ၁၂။ | **ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး** | ၁၅ |
| ၁၃။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၆ |


အပိုင်း**(ခ)**စီမံချက်ဆိုင်ရာအချက်အလက်


| | | |
|---|---|---|
| | စီမံချက်အဆိုပြုလွှာ(၁) | ၁၇ |
| | **နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးကော်မတီဝင်များ စာရင်း** | ၁၉ |
| | **နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ** | ၂၀ |
| | **နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား** | ၆၀ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂)ပိုင်း ပါရှိပါသည်။ အပိုင်း (က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင် ပါသည်။

ဖေဖော်ဝါရီလ ၂၀၂၃ ခုနှစ်
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မန်နမ့်အွန်ကျေးရွာ
တန့်ယန်းမြို့နယ်

# မန်နမ့်အွန်ကျေးရွာသယံဇာတပြမြေပုံ၊ တန့်ယန်းမြို့နယ်



CS Scanned with CamScanner

မန်နမ့်အွန်ကျေးရွာရာသီခွင်ပြပြက္ခဒိန် ၊ တန့်ယန်းမြို့နယ်



## မန်နမ့်အွန်ကျေးရွာအဖွဲ့အစည်းများနှင့် ဆက်စပ်မှုပြမြေပုံ ၊ တန့်ယန်းမြို့နယ်



CS Scanned with CamScanner

အပိုင်း(က)
ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ **တည်နေရာနှင့်ပထဝီဝင်အနေအထား**

မန်နမ့်အွန်ကျေးရွာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းခရိုင် ၊ တန့်ယန်းမြို့နယ် နားဟန်ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာဖြစ်ပါသည်။ မန်နမ့်အွန်ကျေးရွာသည် တန့်ယန်းမြို့နှင့်(၃၅)မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် နားကော်ကျေးရွာအုပ်စုနှင့်နယ်နိမိတ်ချင်းထိစပ်နေသည်။ ကုန်းမြင့်ပိုင်းတွင်တည်ရှိသောကျေးရွာဖြစ်ပါသည်။

၂။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ကျွန်တော်တို့ကျေးရွာ၏ ရာသီဥတုအနေအထားမှာအေးမြစိုစွတ်သော ရာသီဥတုဖြစ်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေကေမှာ လယ်မြေ/ တောင်ယာမြေ (၁၅၇)ကေ ရှိပါသည်။ အချို့လယ်မြေများမှာပုံစံ(၇)မရသေးသူများပြားကြောင်း တွေ့ရှိရပါသည်။ တောင်ယာမြေလုပ်ကိုင်သူများပြားကြောင်း လေ့လာတွေ့ရှိရသည်။ မြေဆီလွှာ များမှာအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်အဓိကအားဖြင့်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းမှုပြုပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်မှာ လက်မ ၄၀ မှ ၈၀ ထိရှိပြီးစိုက်ပျိုးရေးအတွက် အသင့်အတင့်အထောက်အကူပြုပါ သည်။ကျေးရွာမြေ၏ တောင်ဇောင်းများတွင် တောင်ယာမြေအချို့စိုက်ပျိုးထားရှိပါသည်။ရွာမြေသည်မြေပြန့်ပိုင်းနှင့်ကုန်းမြေအနည်းငယ်ရှိသော မြေအနေအထားဖြစ်ပါသည်။ကျေးရွာမှထွက်ရှိသော စပါး၊ ပြောင်း နှင့်အခြားသီးနှံများကို တန့်ယန်းမြို့သို့ သွားရောက်ရောင်းချပါသည်။ လယ်မြေနှင့်တောင်ယာ အသင့်အတင့်ရှိပြီး ကုန်းမြေပြန့်ဖြစ်ကာ မြေဆီမြေလွှာ အသင့်အတင့် ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာ အနည်းငယ်ထည့်ဝင် စိုက်ပျိုးလျက်ရှိပါသည်။ စိုက်ပျိုးရေး အတွက်မိုးရေနှင့်ချောင်းရေကိုသာ အဓိကအားထား စိုက်ပျိုးလျက်ရှိပါသည်။ သောက်သုံးရေကို ကျေးရွာအနီးရှိ စိမ့်စမ်းရေကိုသွယ်တန်းသုံးစွဲရပါသည်။

၃။ **လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

မန်နမ့်အွန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၃) စု နှင့် ကျား (၁၂၉)ဦး ၊ မ(၁၁၃)ဦးဖြင့် လူဦးရေစုစုပေါင်း(၂၄၂)ဦး နေထိုင်လျက်ရှိပြီး ပျမ်းမျှအိမ်ထောင်စုတစ်စုလျှင်(၄.၀၇)ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ(၅)ဦးနှင့် ညီမျှပါသည်။ ကျေးရွာတွင်အဓိကအားဖြင့် လားဟူလူမျိုးများ အများအားဖြင့်နေထိုင်ပါသည်။ ကျေးရွာလူဦးရေစုစုပေါင်း၏(၇၅%)မှာ အလုပ်လုပ်ကိုင်နိုင်သော အရွယ်ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သောအမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေ ပိုမိုများကြောင်းတွေ့ရှိရပါသည်။ မွေးကင်းစကလေးအများစုကာကွယ်ဆေးထိုးနှံမှု

နည်းကြပါသည်။ ကျောင်းနေအရွယ် ကလေးများကိုလည်းအများအားဖြင့်ကျောင်းမထားပါ။ လူကြီးများသည်လည်း ကာလအလိုက် မိမိလုပ်ငန်းလုပ်ကိုင်သူများပါသည်။

**(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေနှင့် မိသားစုဝင်ငွေအနေအထားမှာ မိသားစုအများစုသည်စားသောက်ရန်လောက်ငရုံမျှသာရှိပြီးအိမ်ထောင်စု အနည်းငယ်သာလျှင် ပိုလျှံပါသည်။ အိမ်ထောင်စုအလိုက် ခနအဆင့် သတ်မှတ် မှုများတွင် အိမ်ထောင်စုအားလုံး၏(၆၂.၅%)သည် ဆင်းရဲသော အိမ်ထောင်စုအဖြစ် ခံယူကြပြီး (၃၇.၅%)မှာ အလယ်အလတ်အဆင့်သာရှိကြောင်း ကောက်ယူရရှိပါသည်။ ကျေးရွာတွင်းတွင် ကိုယ်စီကိုယ်ငှ မြေယာပိုင်ဆိုင်မှုရှိပြီး ၊ချမ်းသာသောအိမ်ထောင်စု အများစုသည် လယ်မြေများကိုပိုင်ဆိုင်ကြ ကြောင်းတွေ့ရှိရပါသည်။ မိမိပိုင်လယ်မြေများတွင် စပါး၊ ပြောင်း၊ နှင့်ရာသီပေါ်သီးနှံများစိုက်ပျိုး၍ လည်းကောင်းနွား မွေးမြူရေးလုပ်ငန်းဖြင့်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကျွန်ုပ်တို့ကျေးရွာ၏ အခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင်ဆန်းစစ်သုံးသပ်အကဲဖြတ်သောနည်းလမ်းများအရ အဆင်ပြေသော အိမ်ထောင် စု(၂.၆)ရာခိုင်းနှုန်းအလယ် အလတ်ရှိသောအိမ်ထောင်စု(၇၈)ရာခိုင်နှုန်း၊ မပြေလည်သော အိမ်ထောင်စု(၁၉.၄)ရာခိုင်နှုန်းရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှုများပြားပြီး အလွန်ကောင်းသောအိမ်ပိုင်ဆိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှုရှိခြင်း၊ စီးပွားရေးအလွန်အဆင်ပြေခြင်း ကြောင့် အဆင်ပြေသောအိမ်ထောင်စုအဖြစ်သတ်မှတ်ကြသည်။အလယ်လတ်ရှိသောအိမ်ထောင်စု များမှာ လယ်နှင့်ယာပိုင်ပြီးတိုက်အိမ်ဖြင့် နေထိုင်နိုင်သောအိမ်ထောင်စုများဖြစ်သည်၊ မပြေလည်သော အိမ်ထောင်စုများမှာမြေယာပိုင်ဆိုင်မှု နည်းပြီးစီးပွားရေးဝင်ငွေနည်းပါးခြင်းကြောင့်မပြေလည် သောအိမ်ထောင်စုများဖြစ်သည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျွန်ုပ်တို့ကျေးရွာတွင် ဆင်းရဲသားတောင်သူအများစု နေထိုင်ပြီး ရာသီအလိုက် စပါး၊ ပြောင်း၊ဖရဲတို့ကိုစိုက်ပျိုးရောင်းချကြပါသည်။ကျေးရွာမှဆင်းရဲသောအိမ်ထောင်စု(၃၆%)အား စစ်တမ်းကောက်ရာတွင် မွေးမြူရေးလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးခြင်းဆောင်ရွက်ပြီး ဝမ်းစာဖူလုံကြောင်းသိရှိရပါသည်။ အကြွေးတင်ရှိမှုငွေပမာဏတွင် စစ်တမ်းကောက်ယူထားရှိသောအိမ်ထောင်စုများတွင် ချေးငွေကျပ်(၁)သိန်းမှကျပ်(၄)သိန်းအထိအကြွေးတင်ရှိကြောင်းနှင့်အများစုမှာဆွေမျိုးနှင့် ငွေတိုးချေးယူ၍ အဓိကအားဖြင့် အစားအစာစားသုံးရန်အတွက်နှင့် လုပ်ငန်း အတွက်ရင်းနှီးမြုပ်နှံရန် ချေးယူကြခြင်းဖြစ်ပါသည်။ အိမ်ထောင်စုအားလုံး၏ (၃၆%)သည်ဆင်းရဲသည်ဟုဆိုရသော်လည်းဝမ်းစာဖူလုံယုံတော့ အဆင်ပြေကြောင်းတွေ့ရှိရပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်ုပ်တို့ကျေးရွာ**ရှိအမျိုးသားအဖွဲ့**မှသာရေး၊ နာရေးကိုတက်ကြွစွာဆောင်ရွက်ကြပါသည်။အမျိုးသမီး **အဖွဲ့**မှရပ်ရွာဓလေ့၊ ရိုးရာအက၊ ရိုးရာအစားအစာများ မပျောက်ပျက်အောင်ဆောင်ရွက်ကြပါသည်။ ရပ်မိ၊ ရပ်ဖများသည်ကျန်းမာရေး၊ လုံခြုံရေး များကိုလည်းအခါအားလျော်စွာတွေ့ဆုံ၍စည်းဝေးပေးပါသည်။ အမျိုးသမီးအသင်း သည်သာရေး၊ နာရေးများတွင်လည်းလိုအပ်ချက်များအလိုက် ဆောင်ရွက်ပေးကြပါသည်။

## ၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်ပါသည်။ စိုက်ပျိုးမြေဧရိယာပေါင်း (၁၅၇) ကေရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ပြောင်း၊ စပါးနှင့်ကြံတို့ကိုစိုက်ပျိုးပါသည်။ မြေဆီလွှာအရည်အသွေးမှာမြေသြဇာမထည့်ဘဲစိုက်ပျိုး၍ရသောနေရာများလည်းရှိပါသည်။ အချို့တောင်သူများသည် တောင်ယာမြေ များရှိသော် အရင်းအနှီးမလုံလောက်ခြင်း။ အလုပ်သမားငှားရမ်းခမတတ်နိုင်ခြင်း တို့ကြောင့်မစိုက်ပျိုးနိုင်ပါ။ကျေးရွာမှထွက်သော သီးနှံများကိုတန့်ယန်းမြို့ပေါ်သို့သွားရောက်ရောင်းချကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာ ပိုင်ဆိုင်မှုမှာ စက်ကိရိယာပိုင်ဆိုင်သည့်အိမ်ထောင်စုအနည်းငယ်သာရှိပြီး အများစုမှာနီးစပ်ရာရင်းနှီးသောတောင်သူများမှ ငှားရမ်းအသုံးပြုကြသည်။ ထိုသို့ငှားရမ်းသုံးစွဲရာတွင်ငှားရမ်းခမယူဘဲ ဝိုင်းလုပ်ဝိုင်းစားသဘောဖြင့်သာကူညီဆောင်ရွက်ကြပါသည်။ တစ်ချို့သောအိမ်ထောင်စုများသည် စက်ကိရိယာများဝယ်ယူရန်ငွေကြေးမတတ်နိုင်ခြင်းကြောင့် မိမိလုပ်အားဖြင့်သာ ကြိုးစားစိုက်ပျိုးကြသည်။ကျေးရွာ၏ရာသီဥတုမှာ တင့်တင့်မျှတကြောင်းတွေ့ရှိရပါသည်။တောင်သူများသည် အရင်းအနှီးမတတ်နိုင်ခြင်း၊ နည်းပညာဝန်ဆောင်မှုများ မရရှိခြင်းကြောင့် ယာမြေများကိုပြည့်ဝစွာ အသုံးချနိုင်မှုမရှိပါ ။လိုအပ်သည့်အချိန်တွင်ချေးငွေများအလွယ်တကူမရရှိနိုင်ပါ။ စိုက်ပျိုးရေ အဖြစ် မိုးရေနှင့်ချောင်းရေကိုသာ အဓိကအားကိုး၍စိုက်ပျိုးရပါသည်။

(ခ) **မွေးမြူရေးလုပ်ငန်း**

ရွာတွင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများရှိပြီး စုစုပေါင်းကြက်(၄၀၃)ကောင်၊ နွား (၂၈)ကောင်၊ ကျွဲ(၁၉၂)ကောင်၊ ဝက်(၁၉၃)ကောင်နှင့် ဘဲ(၉၉)ကောင် မွေးမြူထားကြောင်း လေ့လာတွေ့ရှိရသည်။ ကျွန်ုပ်တို့ကျေးရွာတွင်ကျွဲ၊ နွားများကိုစိုက်ပျိုးရာသီတွင်တောထဲ၌ချည်ထားပြီး ထိန်းကျောင်းမွေးမြူကြပါသည်။ သီးသန့်စားကျက်မြေဟူ၍မရှိပါ။ ကြက်များကို အိမ်ခြံဝင်းအတွင်းတွင် ခြံခတ်၍သော်လည်းကောင်း၊ လွှတ်ထား၍သော်လည်းကောင်း မွေးမြူကြသည်။ ကျွဲနှင့်ဝက်ကိုပိုမွေးမြူကြသည်။ တိရစ္ဆာန်များအား ကြိုတင်ကာကွယ် ဆေးထိုးနှံမှုမရှိပါ။ ရောဂါဖြစ်ပွားမှသာသဘာဝဆေးနည်းနှင့်ကုသကြသည်။ အချို့ အိမ်ထောင်စုများမှာမြို့ပေါ်သို့ဆေးများသွားရောက်ဝယ်ယူပြီး ကိုယ်တိုင်ကာကွယ်ဆေး များကိုထိုးနှံကြပါသည်။စားကျက်မြေရှားပါးခြင်း မွေးမြူရေးအစာနှင့် ဆေးဝါးစသည် တို့ကိုဝယ်ယူသုံးစွဲရသောကြောင့် အကျိုးအမြတ်နည်းပါးသည်။ ကျေးရွာတွင်မွေးမြူရေး လုပ်ငန်းအားမိမိခြံဝင်းအတွင်း ခြံခတ်၍မွေးမြူကြသည်။ မွေးမြူရေးအတွက်ချေးငွေများ ရရှိလာမည်ဆိုပါက လက်ရှိမွေးမြူရေးထက်ပိုမိုကျယ်ပြန့် စွာမွေးမြူလာနိုင်မည်ဖြစ် သည်။ နွား၊ကျွဲများကိုအကောင်ကြီးသေးပေါ်မူတည်၍ ဒေသပေါက်ဈေးနှုန်းအတိုင်းရောင်းချ ရသည်။မွေးမြူရေးနှင့် ပတ်သက်သောနည်းပညာများ နည်းလမ်းများအားနည်းသောကြောင့် မိရိုးဖလာနည်း များကိုဆက်လက်ကျင့်သုံးကြသည်။ ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှုများ ရရှိခဲ့လျှင် ပို၍စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်မိသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပြီး ၊ ကျဘမ်းအလုပ် ၊ ပန်းရံလက်သမား အငှားလိုက်သည့် လုပ်ငန်းများ၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ဖြင့်လည်း အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူနည်းပါးပြီး စိုက်ပျိုးမွေးမြူရေးကိုသာ အဓိကထားလုပ်ကိုင်ကြသည်။ ထို့ကြောင့် ဝင်ငွေရလုပ်ငန်းများမှာလည်း ပြောင်းလဲမှုများ နှင့် ရင်ဆိုင်နေရသည်။ အသက်မွေးဝမ်းကျောင်း ပညာနှင့် နည်းပညာဆိုင်ရာဝန်ဆောင်မှုများ လိုအပ်လျှက်ရှိသည်။ အခြားဝင်ငွေရလုပ်ငန်းအဖြစ် လယ်ယာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။

(ဃ) **ရွှေ့ပြောင်းလုပ်သားများ**

ကျွန်ုပ်တို့ကျေးရွာတွင် ရွှေ့ပြောင်းလုပ်**လုပ်သားမရှိပါ။**

(င) **ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်**

ကုန်စည်စျေးကွက်အတွက်မိုင်းကောင်ကျေးရွာကိုသာအဓိကသွားရောက်ရပါသည်။ တစ်ချို့မိသားစုများသည်တန့်ယန်းမြို့ပေါ်စျေးအထိ သွားရောက်ဝယ်ယူသူများလည်းရှိပါသည်။ ဒေသထွက်ကုန်များကို တန့်ယန်းစျေးသို့လည်း သွားရောက်ရောင်းချသူများလည်းရှိပါသည်။ တန့်ယန်းမြို့၏ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက် မှာအသင့်အတင့်ကောင်းမွန်ပါသည်။

(စ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျွန်တော်တို့ကျေးရွာရှိတောင်ယာနှင့်လယ်ယာ လုပ်သူများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် အတိုးမဲ့ဖြင့်ချေးငွေရယူကြပါသည်။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့် အချိန်တွင်လိုအပ်သလောက်ချေးနိုင်ရန် မလွယ်ကူပေ။ ကျေးရွာတွင်း တောင်သူများသည် အများအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလော ငွေချေးယူမှုများ ရှိပါသည်။ ချေးငွေချေးယူရခြင်း၏ အဓိကအကြောင်း အရင်းမှာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ရင်းနှီးငွေလိုအပ်ခြင်းတို့ဖြစ်ကြောင်းတွေ့ရှိရ သည်။ ကျေးရွာတွင်းအကြွေးတင်ရှိမှုစစ်တမ်းကောက်ယူမှုအရ ဆင်းရဲသောအိမ်ထောင်စု များအားလုံး ကြွေးမြီတင်ရှိကြပြီးအနည်း ဆုံးအကြွေး(၁)သိန်းကျပ်မှအများဆုံး (၃)သိန်း ကျပ်အထိရှိကြောင်းတွေ့ရှိရပါသည်။

၆။ **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ရွာတွင်းပတ်လမ်းများသည် မြေသားလမ်းများသာဖြစ်ပါသည်။ ချဉ်းကပ်လမ်း သည်လည်းမြေသားလမ်းများသာ ဖြစ်ပါသည်။ ရွာချင်းဆက်လမ်းများသည် မြေသားလမ်း သာဖြစ်ပါသည်။ ကုန်းမြင့်ပိုင်းဖြစ်သောကြောင့်သွားလာရန်ခက်ခဲပါသည်။ ပွင့်လင်းရာသီချိန် အခါမှ သာသွားလာရလွယ်ကူပါသည်။ သယ်ယူပို့ဆောင်ရေးယာဉ် များအဖြစ် မော်တော်ဆိုင်ကယ် ၊ ထော်လာဂျီ ၊ကားကိုအသုံးပြုနေကြကြောင်းတွေ့ရှိရသည်။

**(ခ) ကျေးရွာမီးလင်းရေး**

အစိုးရလျှပ်စစ်မီး **မ**ရရှိသောကျေးရွာဖြစ်သောကြောင့်မီး **လင်းရေးအတွက်အခက်အခဲ ရှိ**ကြောင်းတွေ့ရသည်။ကျေးရွာတွင်းရှိအိမ်ထောင်စုအများစုမှာ ဆိုလာမီးကို အသုံးပြုကြပြီး အခြားမီးလင်းအသုံးဆောင်ပစ္စည်းများကိုလည်း အသုံးပြုကြပါသည်။

### (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင်ကမ်းရိုးတန်းဖုန်းလိုင်း တစ်မျိုးသာရှိပါသည်။ အင်တာနက်လိုင်းနှင့်ဖုန်းလိုင်းဆက်သွယ်ရေးမကောင်းမွန်ပါ။လမ်းပန်းဆက်သွယ်ရေးမှာလည်း မြေသားလမ်းများ ဖြစ်သောကြောင့်ခက်ခဲကြောင်းတွေ့ရှိရသည်။

### ၇။ ပညာရေး

ကျေးရွာတွင်အခြေခံပညာမူလတန်းစာသင်ကျောင်းရှိပါသည်။ အထက်တန်းကျောင်းကို မိုင်းကောင်ရွာသို့သွားရောက်တက်ကြပါသည်။ စာမတတ်သူဦးရေများပြီး မူလတန်းထိတက်သူသာများပါသည်။ အလယ်တန်းနှင့်အထက် တန်းထိတက်ရောက်သူနည်းပါသည်။ စားဝတ်နေရေး အခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့်ပညာဆက်၍ မသင်ကြားနိုင်ခြင်းဖြစ်ကြောင်းလေ့လာတွေ့ရှိရသည်။

### ၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာသည် အခြားကူးစက်နိုင်သောရောဂါများ မရှိသောကျေးရွာဖြစ်ပါသည်။ သို့သော်လည်း ရာသီအလိုက် ဖြစ်တတ်သော ရာသီတုပ်ကွေး ၊ ဆီးချို ၊ သွေးတိုး၊ တုပ်ကွေးစသည့် ရောဂါများ အနည်းငယ်ဖြစ်ပွားတတ်ကြောင်း လေ့လာတွေ့ရှိရသည်။ ရာသီအလိုက်ဖြစ်တတ်သော ရောဂါများနှင့် ကြီးမားသော **ရောဂါများအတွက်** တန့်ယန်းပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကုသကြပါသည်။ တန့်ယန်းပြည်သူ့ဆေးရုံနှင့် (၃၅) မိုင်ခန့်ကွာဝေးပြီး သွားလာရန်ခက်ခဲသည်။

နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေကိုစိမ့်စမ်းရေမှ ရရှိပါသည်။ ဒေသခံယူချက်အရ ထုံးဓာတ်များသော ရေအမျိုးအစားဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ကျွန်တော်တို့ ကျေးရွာအတွင်းအများစုမှာ **တွင်း**အိမ်သာများကိုသာအသုံးပြုကြပါသည်။

### ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာရှိ စိုက်ပျိုးလယ်မြေ၊ တောင်ယာများတွင် ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးအချို့သုံးစွဲပြီး ဗူးခွံများအားစနစ်တကျစွန့်ပစ်ရန် လိုအပ်လျက်ရှိပါသည်။ ရွာတွင်းအမှိုက်သရိုက်များအားမီးရှို့ဖျက်ဆီးသောကြောင့် ကျေးရွာပတ်ဝန်းကျင် အသင့်အတင့်သန့်ရှင်းကြောင်းတွေ့ရှိရပါသည်။ အခြားသဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်းများ ဖြစ်ပေါ်ခြင်းမရှိသလောက်နည်းပါးပါသည်။ ကျေးရွာအနီးအနားတွင် သယံဇာတပစ္စည်းများအနည်းငယ်ရှိပါ။ အမိုက်များကို စနစ်တကျ စွန့်ပစ်ရန်အတွက် အသိပညာပေး ခြင်းနှင့် ဆွေးနွေးခြင်းများလိုအပ်သည်ဟု လေ့လာတွေ့ရှိရပါသည်။

၁၀။ **ကျား၊မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာအတွင်း ကျား–မရေးရာကိစ္စဆိုင်ရာ အခြေအနေမှာလွတ်လပ်မှုရှိသည်။ကျေးရွာတွင်း အမျိုးသမီးအဖွဲ့နှင့် အမျိုးသားအဖွဲ့ရှိသောကြောင့်သာရေး၊နာရေးကိစ္စရပ်များတွင်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြပြီး ခွဲခြားဆက်ဆံခြင်းမျိုးများ မရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ယေဘုယျအခြေအနေ သုံးသပ်ရပါကပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်အရေးရရှိကြောင်း တွေ့ရပါသည်။ သို့သော် ကျေးရွာတွင်း နေ့စားလုပ်အားခပေးချေမှုများတွင် မူအမျိုးသားများကအမျိုးသမီးများထက် ပိုမိုရရှိကြောင်းသိရပါသည်။

**၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး**

ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်အဖွဲ့၊ အမျိုးသား/သမီးအဖွဲ့၊ လူမှုရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားရှိသော ရပ်မိရပ်ဖအဖွဲ့၊ သာရေးနာရေးအသင်း၊ ဘာသာရေးအဖွဲ့အစည်းဟူ၍ရှိပါသည်။ မိမိတို့ကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ လုပ်ငန်းဆောင်ရွက်မှု အားကောင်းပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်လူငယ်အင်အားထု၊ သာရေးနာရေးကိစ္စများတွင်တက်ကြွစွာပါဝင်လှုပ်ရှားမှုရှိပါသည်။ ပန်းခြံ၊ **အားကစားရုံ** ၊အားကစားကွင်းနှင့်အထောက်အကူပစ္စည်းနှင့် စာကြည့်တိုက်များမရှိပါ။ လူငယ်လူရွယ်အများစုသည် ကျေးရွာ၏သဘောသဘာဝအရ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူငယ်အဖွဲ့ ဖွဲ့စည်းထားရှိပါသည်။

**၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး**

ကျွန်တော်တို့ကျေးရွာတွင် လူကုန်ကူးမှု ၊ ခိုးမှု ၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ ။ မှုခင်းအခြေအနေ မရှိသလောက်နည်းပါးသောရွာ ဖြစ်ပါသည်။

## ၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းလုပ်ငန်း | ၁ | ✓ | ✓ | | | |
| ၂ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၂ | | ✓ | ✓ | | |
| ၃ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၃ | | | ✓ | ✓ | |
| ၄ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၄ | | | | ✓ | ✓ |
| ၅ | ကျေးလက်အိမ်ယာဆောက်လုပ်ခြင်း | ၅ | | | | | ✓ |

## အပိုင်း(ခ)

## စီမံချက်ဆိုင်ရာအချက်အလက်များ

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ မန်နမ့်အွန်ကျေးရွာ

**ကျေးရွာ** – မန်နမ့်အွန်
**ကျေးရွာအုပ်စု** – နားဟန်
**မြို့နယ်** – တန့်ယန်းမြို့နယ်
**တိုင်းဒေသကြီး/ပြည်နယ်** – ရှမ်းပြည်နယ်(မြောက်ပိုင်း)

**စီမံချက်အမည်–** ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- **လက်ရှိကျေးရွာတွင်သာရေး/နာရေးဆောင်ရွက်ရန်၊ ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ရန် ဘက်စုံသုံးခန်းမ မရှိပါ။**
- **လက်ရှိအခြေအနေတွင် ရပ်ရွာကိစ္စများကို သင့်လျော်သလိုသာ စီမံဆောင်ရွက်နေကြပါသည်။**

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)**

- **မိမိကျေးရွာတွင် ဘက်စုံသုံးခန်းမ မရှိပါ၊ ရွာလူထု စုဝေးစည်းရုံးနိုင်သည့် အဆောက်အဦ(၁)ခု အမှန်တကယ်လိုအပ်ပါသည်၊**
- **သို့ဖြစ်ပါ၍ ဘက်စုံသုံးခန်းမ(၁)ခု တည်ဆောက်လိုခြင်းဖြစ်ပါသည်။**

**မျှော်မှန်းအကျိုးရလဒ်**
**(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)**

- **ကျေးရွာလုံးကျွတ်အစည်းအဝေးများကျင်းပနိုင်မည်ဖြစ်ပါသည်။**
- **သာရေး/နာရေးကိစ္စရပ်များတွင် ၄င်းခန်းမအား အသုံးပြုနိုင်မည်ဖြစ်ပါသည်၊**
- **ခန်းမရှိခြင်းအားဖြင့် ရွာသားအားလုံးစုစည်းတွေ့ဆုံချိန်များပြားလသဖြင့် ပိုမိုစည်းလုံးလာပါမည်။**

**စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)**

- **ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း၊**
- **၄၀'x ၃၀' x၁၂'**

| **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု(ကျပ်)** | **ထည့်ဝင်မည့်အစီအစဉ်** |
|---|---|
| • ၁၀၀၀၀၀၀၀ (ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • xxxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • ၆၁၀၀၀၀၀ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၂၉ | ၁၁၃ | ၂၄၂ | ၃ | ၁၀ | ၂၀ | ၁၀ | ၅၃ |
| အကျိုးခံစားမည့်ဦးရေ | ၁၂၉ | ၁၁၃ | ၂၄၂ | ၃ | ၁၀ | ၃၀ | ၁၀ | ၅၃ |
| မှတ်ချက်၊ ချောင်လည် အဆင့်-၁၊ အလယ်အလတ် အဆင့်-၂၊ ဆင်းရဲ ၃၊ အလွန်ဆင်းရဲ -၄ | | | | | | | | |

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်

(၁) အကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

(၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း

- ( ၁၀/၂၀၂၂)လ တတိယပတ်

(၃) စီမံချက်ပြီးစီးမည့်အချိန်

- (၂/၂၀၂၃)လ ကုန်

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်

လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်မည့်လုပ်အားအတွက် ကျေးရွာသူ/ကျေးရွာသားများမှ ပါဝင်ဆောင်ရွက်သွားကြရန် သူကြီးမှ ဦးဆောင်၍ အစည်းအဝေးပြုလုပ်ပြီး စည်းရုံးဆောင်ရွက်ထားပြီးဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ချိန်တွင် နေ့ရက်အလိုက်သော်လည်းကောင်း၊ လုပ်ငန်းတတ်မြောက်မှုအလိုက်သော်လည်း တာဝန်ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကျေးရွာရှိ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီမှ အဓိက တာဝန်ယူဆောင်ရွက်သွားပါမည်။ လုပ်ငန်းဆောင်ရွက်ပြီးပါက ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာမှ ကော်မတီသီးခြားဖွဲ့စည်းပြီး ကျေးရွာသူ ကျေးရွာသားအားလုံးသဘောတူသည့် ငွေကြေးဖြင့် လုပ်ငန်းပြင်ဆင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နားဟန်ကျေးရွာအုပ်စု၊ မန်နမ့်အွန်ကျေးရွာ

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မောင်ကျာခ | ဦးရှာလိန် | ၁၃/တယန(နိုင်)၁၂၄၈၄၇ | ၂၀ | ဥက္ကဋ္ဌ | |
| ၂ | မောင်နေခ | ဦးကျာရှီး | ၁၃/တယန(နိုင်)၀၉၀၃၅၅ | ၂၆ | စာရင်းကိုင် | |
| ၃ | ဦးရှာလိန် | ဦးအိုက်ရှု | ၁၃/တယန(နိုင်)၀၃၁၁၆၂ | ၆၂ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးစောလှမိုး | ဦးကျဖ | ၁၃/တယန(နိုင်)၀၆၂၅၇၄ | ၃၀ | သေ့ကိုင်-၁ | |
| ၅ | ဒေါ်ဒီးစိန် | ဦးကျလား | ၁၃/တယန(နိုင်)၀၂၂၉၇၉ | ၅၆ | သေ့ကိုင်-၂ | |
| ၆ | ကျထီး | ကျအီ | ၁၃/တယန(နိုင်)၀၃၄၀၃၃ | ၅၂ | အဖွဲ့ဝင် | |
| ၇ | ဦးညွန့်လှိုင် | ဦး ပေါကြည် | ၁၃/တယန(နိုင်)၀၆၂၆၄၄ | ၅၇ | အတွင်းရေးမှူး | |

ဝယ်ယူရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကျထီး | ကျအီ | ၁၃/တယန(နိုင်)၀၃၄၀၃၃ | ၅၂ | ဥက္ကဋ္ဌ | |
| ၂ | မောင်နေခ | ဦးကျာရှီး | ၁၃/တယန(နိုင်)၀၉၀၃၅၅ | ၂၆ | စာရင်းကိုင် | |
| ၃ | ဦးရှာလိန် | ဦးအိုက်ရှု | ၁၃/တယန(နိုင်)၀၃၁၁၆၂ | ၆၂ | ဘဏ္ဍာရေးမှူး | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၃ | ၁၃ | ၁၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၈ | ၁၁ | ၂၉ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၁ | ၁၂ | ၂၃ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၄ | ၇၇ | ၁၇၁ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | | | | | |
| စုစုပေါင်း | | ၁၂၉ | ၁၁၃ | ၂၄၂ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၅၃ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုစာရင်းမှာ နှစ်စဉ်ပြောင်းလဲမှုရှိနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိက ဝင်ငွေရ | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၄ | ၆၆ | ၉ | ၃၃ | ၃၃ | | မြင့် ☐လတ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၉ | ၁၈ | | ၁၀ | ၈ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကို</u> <u>သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။ ကျွန်ုပ်တို့ကျေးရွာမှာ ဝင်ငွေရလုပ်ငန်းအမျိုးအစား လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိကြပါသည်။ကြက်နှင့်နွားများကိုအိမ်တွင်းတစ်ပိုင်တစ်နိုင်မွေးမြူကြကြောင်းလေ့လာတွေ့ရှိရပါသည်။**

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၃၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။ ကျွန်ုပ်တို့ကျေးရွာတစ်နေ့လုပ်အားခနှုန်းထားများမှာ အမျိုးသမီးများသည် အမျိုးသားများထက်နည်းကြောင်းလေ့လာတွေ့ရှိရပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၇ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၁၅၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၅၇** | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က**

**သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။ မိုးကောင်းသောရာသီတွင် လယ်စိုက်ပျိုးမှု ဖြစ်ထွန်းပါသည်။** မိုးနည်းသောအချိန်တွင်စပါး ထွက်တိုးမှုနည်းပါသည်။ပြောင်းလဲစိုက်ပျိုးဖြစ်ထွန်းပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွှားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။** ကျွန်ုပ်တို့ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းမြစ်များမရှိပါ။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** |
|---|---|

| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃ | ၁၀ | ၃၀ | ၁၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။ ဝင်ငွေများသောအိမ်ထောင်စုများနည်းပြီး ဝင်ငွေအလယ်အလတ်ရှိသောအိမ်ထောင်စုမှာ များပြားပါသည်။ စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင်သောကြောင့် အပြေလည်သော အိမ်ထောင်စုများလည်းရှိပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၂ | ၁ | အခြားအစာပြောင်းလဲစား = ___ ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ___<br>ချေးယူ = ___၁___<br>လုပ်အားခကြိုယူ = ___၂___ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၃၈ | ၅ | အခြားအစာပြောင်းလဲစား = ___<br>အစာလျှော့စား = ___၁___<br>အထောက်အပံ့ယူ = ___၈___<br>ချေးယူ = ___၅___<br>လုပ်အားခကြိုယူ = ___၂၉___ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၁၁ | ၂ | အခြားအစာပြောင်းလဲစား = ___ ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ___၁၁___ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | ချေးယူ = ________ _____<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။ မိုးတွင်းကာလနှင့် ဆောင်းရာသီတွင် ဝမ်းစာဖူလုံပါသည်။ နွေရာသီတွင် အဆင်ပြေသလို လုပ်ကိုင်စားသောက်ရကြောင်းတွေ့ရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။ ဆင်းရဲသောအိမ်ထောင်စုနှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု၊ မုဆိုးဖို၊ တစ်ခုလပ်မိသားစုများကို ကျေးရွာသူ/သားများက တတ်နိုင်သမျှ ကူညီထောက်ပံ့နေရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | ✓ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော ညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၃ | မုန်တိုင်းဒီရေ | ✓ | | | ✓ | | |
| ၄ | ဆူနာမီ | ✓ | | | ✓ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | ✓ | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | ✓ | | |
| ၇ | လျှော်င် | ✓ | | | ✓ | | |
| ၈ | အပူလှိုင်း | ✓ | | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | ✓ | | |
| ၁၀ | အအေးလှိုင်း | ✓ | | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | ✓ | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | ✓ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | ✓ | | |
| ၁၆ | မြေပြိုခြင်း | | ✓ | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✓ | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | | ✓ | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | | ✓ | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | | ✓ | | | ✓ | |
| ၂၂ | တီဘီရောဂါ | ✓ | | | | ✓ | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | ✓ | |
| ၂၄ | ကပ်ရောဂါ | ✓ | | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | ✓ | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | ✓ | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး | | | ✓ | | ✓ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော ညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | ခက်ခဲခြင်းစသည် | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ မိုးရာသီတွင်မြေပြိုပါသည်။ ငှက်ဖျားရောဂါသည် တစ်ခါတစ်ရန် ဖြစ်ပွားတက်ပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှုမရှိပါ။ မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းပါသဖြင့် ကျန်းမာရေးအခြေအနေဆိုးဝါးပါကအချန်မီကုသရန်ခက်ခဲပါသည်။

(ဥပမာ–

အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။။ ကျွန်ုပ်တို့ကျေးရွာတွင်သဘာဝဘေးအန္တရယ်နှင့်လူကြောင့်ဖြစ်သောအန္တရယ်များ မရှိသလောက်နည်းပါးပါသည်။

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | ✓ | | | ✓ | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | ✓ | | | ✓ | |
| ၃ | ဆင်းရဲသားတောင်သူ | | | ✓ | | | ✓ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| | များ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | ✓ | | | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | ✓ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | ✓ | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင်းရှိ လူငယ်များ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ အလွယ်တကူ ထိခိုက်သက်ရောက်နိုင်မှုမရှိပါ။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|

| | အမည် | (မှန်ရာတစ်ခုကိုသာရွေးရန်) | ကျား | မ | ပေါင်း | (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | သာရေးနာရေးနှင့်ယဉ်ကျေးမှုအဖွဲ့ | ၁☐၂☑၃☐ | ၅ | ၇ | ၁၂ | ပညာရေး☐ငွေကြေး☐ကျန်းမာရေး<br>☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၂ | လူငယ်အဖွဲ့ | ၁☐၂☑၃☐ | ၁၄ | ၁၃ | ၂၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၃ | | ၁☐၂☐၃☐ | | ၃ | ၃ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး<br>၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| ၄ | | ၁☐ ၂☐၃☐ | ၇ | ၅ | ၁၂ | ပညာရေး☐ငွေကြေး☑ကျန်းမာရေး<br>☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| ၅ | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| ၆ | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| ၇ | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။။ ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့များသည် သာရေး၊ နာရေးများကိုတက်ကြွစွာပါဝင်လုပ်ကိုင်ပါသည်။ ငွေစုငွေချေးခြင်းကိုလည်း သက်သာစွာ ဖြင့်ချေးယူပေးပါသည်။ လူငယ်အဖွဲ့များသည် ကျေးရွာကာကွယ်ရေးနှင့် လုံခြုံရေးကိုတာဝန်ယူပါသည်။**

**(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| **စဉ်** | **အမည်** | **အဖွဲ့အစည်းအမျိုးအစား**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၂ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၃ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၄ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၅ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၆ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) ( ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) ( ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။**

**လေ့လာတွေ့ရှိချက်။။** ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမရှိပါ။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ–၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)**

**ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၁၉ | ၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၂၄ | ၅ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၂ | | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၄၅ | ၈ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သောကြောင့် မြေယာမဲ့ မရှိပါ။ မိမိနိုင်သလောက် စိုက်ပျိုးပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်**(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | ၁ဧက | တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑မရှိ☐မဖြေဆိုပါ☐ | လျော့☑တိုး☐ အပြောင်းအလဲမရှိ☐ |
| ၈ | ချောင်းရေ | ၁၄၃ ဧက | တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ | ရှိ☑မရှိ☐မဖြေဆိုပါ☐ | လျော့☑တိုး☐ အပြောင်းအလဲမရှိ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်) |
| | | | မဖြေဆိုပါ☐ | | |

